## စီးပွားရေးနှင့်လူ့အခွင့်အရေးအရင်းအမြစ်ဗဟိုဌာန၊ မြန်မာစစ်တမ်း

၁။ GE ရုံးခန်းအား ၂၀၁၃ ခုနှစ်တွင် ရန်ကုန်မြို့၌ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဝန်ထမ်းငါးဦးခန့်အပ်ထားရှိသည်။ ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံတွင် ရောင်းချခြင်း နှင့် ငှားရမ်းခြင်းဆိုင်ရာ လုပ်ငန်းလုပ်ဆောင်မှုများ ရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏ အများအကျိုးအတွက် လှူဒါန်းပံ့ပိုးမှုအမျိုးမျိုးကို ကျန်းမာရေးဝန်ကြီးဌာနမှတဆင့်လည်း လုပ်ဆောင်လျက်ရှိပါသည်။ လက်ရှိအနေအထားအရဆိုလျှင် မြန်မာနိုင်ငံ၌ GE ၏ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည်ဟု ယူဆနိုင်ပါသည်။ အမေရိကန်အစိုးရ၏ ပြဋ္ဌာန်းချက်ဖြစ်သော မြန်မာနိုင်ငံ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစီရင်ခံမှုလိုအပ်ချက်များ (Burma Responsible Investment Reporting Requirements) ၏ ပြဋ္ဌာန်းချက်အရ နောက်ထပ် ရင်းနှီးမြှုပ်နှံမှုအသစ်များကိုမူ လုပ်ဆောင်ခြင်းမရှိပါ။ မြန်မာနိုင်ငံအတွင်းသို့ မိမိတို့၏ လုပ်ငန်းများ ပြန်လည်ဝင်ရောက်လာသည့် ၂၀၁၃ ခုနှစ်မှစ၍ GEမှ ဆောင်ရွက်လျှက်ရှိသည့် လုပ်ငန်းနှင့်ထုတ်ကုန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- ဂတ်စ်တာဘိုင်များနှင့်စွမ်းအင်လုပ်ငန်းသစ်များမွမ်းမံခြင်းဆိုင်ရာ အရောင်းနှင့်ဝန်ဆောင်မှုလုပ်ငန်း
- ဆေးရုံသုံးဓာတ်မှန်စက်များ၊ စနစ်များ (CT, MRI) ရောင်းချခြင်း
- Embraer/Boeing လေယာဉ်များ ငှားရမ်းခြင်း
- ထုတ်ကုန်ပစ္စည်းနှင့်ဆက်စပ်သည့် အကြံပေးဝန်ဆောင်မှုအမျိုးမျိုးဆောင်ရွက်ခြင်း
- လူသားချင်းစာနာထောက်ထားမှုအတွက်ပံ့ပိုးကူညီခြင်း၊ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများအတွက် စွမ်းဆောင်ရည်မြှင့်သင်တန်းများပို့ချပေးခြင်း။

အထက်ပါကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများအားရန်ကုန်နှင့်မန္တလေးဝန်းကျင်တို့တွင် အဓိကထားဆောင်ရွက်လျှက်ရှိသည်။ မြန်မာနိုင်ငံအတွင်းရှိ GE ၏လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပိုမိုသိရှိလိုပါလျှင် အောက်ပါအင်တာနက်လင့်သို့ ဝင်ရောက်လေ့လာနိုင်ပါသည်။
http://www.gesustainability.com/where-we-work/myanmar/.

၂။ GE မှလူ့အခွင့်အရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်သက်ဆိုင်သည့် သဘောထားထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ http://www.gesustainability.com/enabling-progress/human-rights/ အဆိုပါထုတ်ပြန်ကြေငြာချက်တွင် ကမ္ဘာတဝန်းလုံးတွင်ရှိသော GE စီးပွားရေးလုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေးတန်ဘိုးများအား လေးစားလိုက်နာကြရန် ရည်ရွယ်လိုခြင်းဖြစ်သည်။ ရိုးသားကြိုးစားခြင်း၊ ဖောက်သည်များ၏လိုအပ်ချက်ကို နားလည်သဘောပေါက်ခြင်း၊ တာဝန်ခံမှုလမ်းညွှန်များအပါအဝင် အခြားမူဝါဒများနှင့်လုပ်ငန်းစဉ်များတို့သည် GE စီးပွားရေး လုပ်ငန်းများတည်ရှိသည့် နေရာတိုင်းတွင် လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်ပျက်စီးမှုမရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်နှင့်ရည်ရွယ်ချက်ရှိရှိ ထိတွေ့ဆက်ဆံခြင်းအား ပိတ်ပင်တားမြစ်ထားခြင်းမှအပ မြန်မာနိုင်ငံအတွက် သီးခြားရေးဆွဲပြဋ္ဌာန်းထားသည့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းကျင့်ထုံးများမထားရှိပါ။သို့သော်လည်း စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ အင်စတီကျူမှ

ပြုလုပ်သော ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတို့၏ အကျိုးသက်ရောက်မှု ဆန်းစစ်လေ့လာခြင်းကို ထောက်ပံ့ပေးခဲ့ပါသည်။ အဆိုပါသုတေသနအားဖြင့် GE နှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍရှိ အခြားသော စီးပွားရေးလုပ်ငန်းများအား ကူညီရန်၊ အဆိုပါကဏ္ဍအား လုပ်ကိုင်ဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှုရှိနိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ အခက်အခဲစိန်ခေါ်မှုများအား နားလည် သဘောပေါက်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။

၃။ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်သူတို့အနေဖြင့် နယ်ပယ်အသီးသီးရှိ စီးပွားရေး လုပ်ဆောင်မှုများတွင် ကျွန်ုပ်တို့၏ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစည်းမျဉ်းများ ထုတ်ပြန် ကြေငြာချက်တို့နှင့်အညီ လုပ်ဆောင်ရပြီး ပထဂီနယ်နမိတ်အသီးသီးတွင်လည်း ထိုကဲ့သို့လိုက်နာ ဆောင်ရွက်စေသည်။

အဖွဲ့အစည်းအတွင်း၌မူ လူ့အခွင့်အရေးဆိုင်ရာဗျူဟာနှင့်စပ်လျဉ်း၍ နိုင်ငံတကာဥပဒေနှင့်မူဝါဒရေးရာ ဒုတိယဥက္ကဋ္ဌသည် တာဝန်ရှိပြီး ယင်းသည် အခြားသောလုပ်ငန်းဆိုင်ရာအရာရှိများ၏ ပါဝင်မှုနှင့်အတူ အထွေထွေကောင်စီသို့ အစီရင်ခံတင်ပြရသည်။ အဖွဲ့၏ဥက္ကဋ္ဌနှင့် မတူကွဲပြားမှုများဆိုင်ရာ အရာရှိချုပ်တို့မှတဆင့် GE ဖောင်ဒေးရှင်းသည် အဖွဲ့၏ ဦးစားပေးမှုများဖြစ်သည့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် ကူညီပံ့ပိုးမှုများအတွက် ရံပုံငွေ ထည့်ဝင်ပေးခြင်းဖြင့် ကူညီပေးသည်။

GE စီးပွားရေးလုပ်ငန်းတိုင်းတွင် လူ့အခွင့်အရေးချန်ပီယံအား GE စီးပွားရေးလုပ်ငန်းများ၏ အထွေထွေကောင်စီတွင် ရွေးချယ်လေ့ရှိပြီး ဖွဲ့အစည်းပုံအရ အလုပ်သမားနှင့်ဝန်ထမ်းခန့်အပ်ရေး ဥပဒေဆိုင်ရာကောင်စီအရာရှိကြီးများမှဦးဆောင်သည်။ စီးပွားရေးကဏ္ဍတိုင်းတွင်လည်း ကျင့်ဝတ်ပိုင်း ဆိုင်ရာသုံးသပ်သည့် ဘုတ်အဖွဲ့များထားရှိပြီး လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းတန်ဖိုးနှင့်အညီ လုပ်ငန်း ဆောင်ရွက်နိုင်မှု၊ ဝန်ထမ်းများ၏နစ်နာဆုံးရှုံးမှုများအားအကာအကွယ်ပေးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ ဆုံးရှုံးနစ်နာမှုများအတွက် သင့်လျော်သည့် တုန့်ပြန်ရှင်းလင်းမှုများဆောင်ရွက်ခြင်း၊ GE ထုတ်လုပ် ပံ့ပိုးမှုဆိုင်ရာ တောင်းဆိုလိုအပ်ချက်များနှင့် မိမိတို့၏ စီးပွားရေးမိတ်ဖက်များအား ဒေသဆိုင်ရာ ဥပဒေများနှင့်လိုက်လျောညီထွေစွာ လုပ်ကိုင်ဆောင်ရွက်မှုရှိမရှိ၊ “Eyes Always Open” ၊ “Know Your Customer” နှင့် “Open Reporting” အစရှိသည့် လုပ်ငန်းစဉ်များအား သေချာအောင် ဆောင်ရွက်ကြ ရသည်။

ဒေသဆိုင်ရာရှုထောင့်မှဆိုလျှင် ကမ္ဘာလုံးဆိုင်ရာ ME အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (GE's Global Growth Operation-GGO) မှ ရွေးချယ်ခန့်အပ်သော ဒေသကြီးပေါင်း ၁၅ ခုမှ အလုပ်အမှုဆောင်အရာရှိများ (CEOs) သည် ဈေးကွက်သစ်များအတွင်းရှိ လူ့အခွင့်အရေးဆိုင်ရာ အကြောင်းအရာများအား တာဝန်ခံကာပူးပေါင်းလုပ်ဆောင်ကြရသည်။ နိုင်ငံ (သို့မဟုတ်) ဒေသ

ဆိုင်ရာ ဘုတ်အဖွဲ့များနှင့်ပူးပေါင်းလုပ်ဆောင်ရင်း မိမိတို့နှင့်သက်ဆိုင်သည့် တရားဥပဒေစိုးမိုးရေး အားနည်းသည့် တိုင်းပြည်၊ ဒေသများအတွင်းရှိ လူ့အခွင့်အရေးဆိုင်ရာအခက်အခဲအတားအဆီး များအား မှတ်တမ်းတင်စောင့်ကြည့်လေ့လာလျှက် အထက်ပိုင်းရှိခေါင်းဆောင်မှုတို့အား လူ့အခွင့် အရေးနှင့် သက်ဆိုင်သည့် အကြံပြုချက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့်လူ့အခွင့်အရေး ချိုးဖောက်မှု အလားအလာများတို့ကို မှတ်တမ်းတင်အကြံပြုပေးရသည်။ ဒေသအဆင့်နှင့် အဖွဲ့အစည်း အဆင့်များရှိ ကျင့်ဝတ်စောင့်ထိန်းသည့်အဖွဲ့များအနေဖြင့်လည်း လူ့အခွင့်အရေးဆိုင်ရာ အတားအဆီးများနှင့်စပ်လျဥ်း၍ လေ့လာမှုများပြုလုပ်ရာတွင် ပါဝင်ဆောင်ရွက်ရပြီး ချိုးဖောက်မှု ဖြစ်စဉ်များအား ဖြတ်ကျော်နိုင်ရန်၊ လူ့အခွင့်အရေးသင်တန်းများပို့ချပေးနိုင်ရန်၊ ရှာဖွေစုံစမ်းမှုများ ပြုလုပ်နိုင်ရန်နှင့် လူ့အခွင့်အရေးဆိုင်ရာစိုးရိမ်ပူပန်မှုများ လျော့ကျစေရေးတို့အတွက် ကြားဝင်စေ့စပ် ညှိနှိုင်းပေးနိုင်ရန်တို့ကို ဆောင်ရွက်ရပါသည်။

၄။ အထက်တွင်ကြည့်ပါ။

၅။ GE စီးပွားရေးအဖွဲ့သည် မိမိတို့လုပ်ငန်းများလုပ်ကိုင်ရာ လူမှုဝန်းကျင်အတွင်း ရှိသေလေးစားမှုနှင့် မိတ်ဆွေကောင်းများအဖြစ် ရပ်တည်ရှင်သန်သည့်အဖွဲ့ဖြစ်သည်။ ကုမ္ပဏီ၏ အကျယ်ပြန့်ဆုံး လူထုဆက်ဆံမှုသည် နိုင်ငံပေါင်း ၄၀ ကျော်ရှိ ထုတ်ကုန်အမျိုးစားပေါင်း ၅၀၀ မှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ မိမိတို့အဖွဲ့အစည်း လုပ်ကိုင်ဆောင်ရွက်လျှက်ရှိသော လူမှုအဝန်းအဝိုင်းများရှိ ဒေသခံတို့ အနေဖြင့် မိမိတို့လုပ်ငန်းများနှင့်စပ်လျဥ်းပြီး အပြန်အလှန် ဆက်ဆံထိတွေ့နိုင်မည့် လမ်းကြောင်း များစွာ ဖန်တီးပေးထားပါသည်။ ထိုအထဲတွင် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လူမှုရေးဆိုင်ရာဝန်ဆောင်မှုများ၊ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာပံ့ပိုးကူညီ မှုများ၊ ထိခိုက်နစ်နာမှုများအတွက် ပွင့်လင်းမြင်သာမှုရှိသည့် အစီရင်ခံတင်ပြမှုများ၊ ကျင့်ဝတ်စောင့်ထိန်းသည့် အစီအစဉ်များ၊ လုံခြုံရေးနှင့်ကျန်းမာရေး အစရှိသည့် ကဏ္ဍများစွာ ဖန်တီး ထားရှိသည်။ ကျွန်ုပ်တို့အနေဖြင့် မိမိတို့လုပ်ငန်းများတွင် ပါဝင်ပတ်သက်သူတို့နှင့် တွေ့ဆုံဆွေးနွေးမှု များအား မိမိတို့စီးပွားရေးလုပ်ကိုင်ရာဒေသရှိ အဆင့်တိုင်းတွင် ပုံမှန်ဆောင်ရွက်လျှက်ရှိသည်။ ပဋိပက္ခနယ်မြေများအတွင်း တာဝန်ထမ်းဆောင်နေကြသော ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့်စပ်လျဥ်း၍ ကျွန်ုပ်တို့အနေဖြင့် လူ့အခွင့်အရေးနှင့်လုံခြုံရေးဆိုင်ရာ စည်းမျဥ်းစည်းကမ်းနှင့်အညီ လိုက်နာ ဆောင်ရွက်လျှက်ရှိသည်။ ကျွန်ုပ်တို့အဖွဲ့အစည်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျှက်ရှိသော လူမှုအသိုင်းအဝိုင်းများတွင် လူ့အခွင့်အရေးဆိုင်ရာအဟန့်အတားများ ပေါ်ထွက်လာနိုင်ခြေရှိသည့် အလားအလာတို့နှင့်စပ်လျဥ်းပြီး မိမိတို့အနေဖြင့်ဆောင်ရွက်မှုများမှာအောက်ပါအတိုင်းဖြစ်သည်။

- ကျင့်ဝတ်လိုက်နာမှုများ(စိတ်ဓာတ်နှင့်ပြဋ္ဌာန်းချက်)တွင်- ထုတ်လုပ်ပံ့ပိုးသူတို့နှင့် ဆက်ဆံရေး များ၊ တရားမျှတမှုရှိသည့်ဝန်ထမ်းတို့၏အမှုအကျင့်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးနှင့် လုံခြုံရေးကိုယ်ရေးကိုယ်တာလုံခြုံမှုအစရှိသည့်ကဏ္ဍတို့ပါဝင်သည်။
(http://www.gesustainability.com/how-ge-works/integrity-compliance/the-spirit-the-letter/ )

- ရေရှည်တည်တံ့မှု (http://www.gesustainability.com/)

- လူ့အခွင့်အရေးဆိုင်ရာအခြေခံစည်းမျဉ်းများ၊(http://www.gesustainability.com/enabling-progress/human-rights/ )

- ကိုယ်ကျင့်တရားဆိုင်ရာပံ့ပိုးမှု၊ (http://www.gesustainability.com/building-things-that-matter/supply-chain/ )

၆။ Stuart Dean,
အမှုဆောင်အရာရှိချုပ်၊ GE အာဆီယံဒေသ
Jalan Travers, Kuala Lumpur Sentral 1
Kuala Lumpur 50470

၇။ GE သည် စီးပွားရေးကမ္ဘာပေါင်းစုံတွင် ဂင်ရောက်လုပ်ကိုင်လျှက်ရှိသည့် စီးပွားရေးအဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်ပြီး၊ လေယာဉ်စက်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ အလင်းပေးစက်များ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ စွမ်းအင်နှင့်ရေလုပ်ငန်းများ၊ ရေနံနှင့်သဘာဂဓာတ်ငွေ့များ၊ ငွေကြေးဆိုင်ရာဂန်ဆောင်မှုများ၊ ကျန်းမာရေးဆိုင်ရာအသုံးအဆောင်များ၊ လေယာဉ်ငှားရမ်းမှုများ၊ အစရှိသည့်လုပ်ငန်းမျိုးစုံလုပ်ကိုင်လျှက်သည်။ သင့်တင့်လျောက်ပတ်သည့်လုပ်ခလစာများ၊ မြေယာအခွင့်အရေးများနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာတို့မှလွဲလျှင်၊ အထက်ဖော်ပြပါ စီးပွားရေးနယ်ပယ်အားလုံးအတွက် လုပ်ငန်းမူဂါဒများနှင့် လုပ်ငန်းစဉ်များထားရှိပါသည်။ မိမိတို့ ကုမ္ပဏီမှ လုပ်ကိုင်ဆောင်ရွက်လျှက်ရှိသော နယ်မြေအတွင်းပေါ် ထွက်လာနိုင်ခြေရှိသည့် စိန်ခေါ်မှု အဟန့်အတားများနှင့်စပ်လျဉ်း၍ အဖြေရှာကိုင်တွယ်နိုင်မည့် ဒေသဆိုင်ရာ အမှုအကျင့်များ ရှိပြီးဖြစ်သည်။